# THE NOBAL PRIZE in LITERATURE




# နိုဘယ် စာပေဆု

ယူရီပိုင်ပြုစုသည်။

mgyoe.com

mgyoe.com




# THE NOBAL PRIZE in LITERATURE

## နိုဘယ် စာပေဆု

ယူရှိပိုင်ပြုစုသည်။

mgyoe.com

djs0020

1800.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

နိုဘယ်စာပေဆု
ယူရီပိုင် - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၂၀၀၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) နိုဘယ်စာပေဆု

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နိုဘယ်စာပေဆု ယူရီပိုင်

ဖေဖေမအာကြိုးမိ

mgyoe.com

mgyoe.com

# မာတိကာ


- နိုဘယ်ဆု ပေါ်ပေါက်ခြင်း ၁
- နိုဘယ်စာပေဆုရှင်များ အမည်စာရင်း ၉
- နိုဘယ်စာပေဆုရရှိသူများ၏ အကြောင်းအရာ ၃၂


❑

mgyoe.com

mgyoe.com

# နိုဘယ်ဆု ပေါ်ပေါက်ခြင်း

၁၉၀၁ ခုနှစ်မှစ၍ နိုဘယ်စာပေဆုကို နှစ်စဉ်နှစ်တိုင်းနီးပါး စာရေးသူတို့ကို ချီးမြှင့်ခဲ့ရာ၌ အဲလ်ဖရက်နိုဘယ် (Alfred Nobel)၏ သေတမ်းစာပါစကားလုံးများနှင့် ကိုက်ညီသော ရေးသားမှုပြုသူ မည်သည့် နိုင်ငံသားကိုမဆို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစာသားတို့ကို ဆွီဒင်ဘာသာစကားဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပြီး "စာပေနယ်ပယ်၌ စံနမူနာ ဦးတည်မှုဖြင့် အပြောင်မြောက်ဆုံးလက်ရာ" ကို ဆုချီးမြှင့်ပေးရန် မှာကြားခဲ့ခြင်းဖြစ်သည်။ ဖန်တီးထားသည့် လက်ရာတစ်ခုချင်းအရ ထူးခြားပြောင်မြောက်မှုရှိမည်ဖြစ်သော်လည်း ယခုကိစ္စ၌ 'လက်ရာ' သည် စာရေးသူတစ်ဦး ရေးသားထုတ်လုပ်ခဲ့သမျှတို့ကို ခြုံငုံ၍ ပြောဆိုခြင်းကို ဆိုလိုပေသည်။

သတ်မှတ်ထားသည့်နှစ်အတွက် အကယ်၍ ဆုပေးထိုက်သူ ရှိမည်ဆိုပါက မည်သူက ဆုရထိုက်သည်ကို ဆွီဒင်အကယ်ဒမီ (Swedish Academy) က အဆုံးအဖြတ်ပြုပေးသည်။ အဆိုပါ အကယ်ဒမီက ရွေးချယ်သည့် စာဆိုတော်အမည်ကို အောက်တိုဘာလ၏ လဆန်းပိုင်းတွင် ကြေညာပေးသည်။ ဤဆုကြီးသည် အဲလ်ဖရက်နိုဘယ်၏ သေတမ်းစာအရ ၁၈၉၅ ခုနှစ်၌ စတင်ထူထောင်ခဲ့သော နိုဘယ်ဆုငါးမျိုး

mgyoe.com

mgyoe.com


အနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ အခြားနိုဗယ်ဆုများမှာ နိုဘယ် ဓာတုဗေဒဆု၊ နိုဘယ်ရူပဗေဒဆု၊ နိုဘယ်ငြိမ်းချမ်းရေးဆုနှင့် နိုဘယ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆုတို့ ဖြစ်သည်။

ဝိဝါဒကွဲပြားနေခြင်း

နိုဘယ်၏ အတွေးအမြင်ပဓာနဝါဒအပေါ် အသားပေး ရွေးချယ်ခြင်းရန် နိုဘယ်စာပေဆုအတွက် သတ်မှတ်ချက် ချမှတ်ပေးထားခြင်းသည် အငြင်းပွားစရာ တစ်ဖန်တလဲလဲ ဖြစ်ပေါ်နေစေသည်။ မူရင်း ဆွီဒင်ဘာသာစကားတွင် သုံးနှုန်းထားသည့်ဝေါဟာရကို ဘာသာပြန်ရာ၌ စိတ်ကူးယဉ်ဟုလည်းကောင်း၊ စံနမူစံပြဟုလည်းကောင်း အဓိပ္ပာယ် နှစ်မျိုးထွက်နေသည်အပေါ် အငြင်းပွားကြရခြင်း ဖြစ်သည်။

နှစ်ဆယ်ရာစု အစပိုင်းမှစ၍ နိုဘယ်ကော်မတီသည် သေတမ်းစာ၏ ရည်ရွယ်ချက်ကို တင်းကျပ်တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ထို အကြောင်းကြောင့် သူ့ခေတ် သူ့အခါအလျောက် ကမ္ဘာကျော်သည့် စာရေးသူများဖြစ်ကြသည့် ဂျမ်းဂျွိုက်စ်၊ လီယိုတော်စတွိုင်း၊ အန်တွန် ချက်ကော့ဖ် အစရှိသူများကို ကော်မတီမှ ဆုချီးမြှင့်ခြင်းမပြုခဲ့ချေ။ မကြာ သေးမီကစ၍ စာရေးသူ ရေးသားထုတ်လုပ်သည့် စာများ စာပေဆိုင်ရာ ကောင်းမြတ်ခြင်း တည်တံ့မှုနှင့် အတွေးအမြင် ပဓာနဝါဒအရာရောက် စေသည့် အဆင့်အတန်း သိသာထင်ရှားသည့်အဆင့် အမြဲရှိနေမှု သိသာ ခိုင်လုံခြင်းတို့ နှစ်ခုစလုံးအတွက် ချီးမြှင့်လျက်ရှိသည်။ ဆိုလိုသည်မှာ လတ်တလောနှစ်များတွင် လူ့အခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် တွေး မြင်မှုများ ဗိုလ်စွဲလျက်ရှိသည်။ သို့ဖြစ်ရာ ယခုအခါ ဆုကြီးသည် စာပေ အရေးထက် နိုင်ငံရေး ပိုဆန်နေသည်ဟု ပြောနိုင်နေပေသည်။ ထိုအချက် အပြင် အခြားဝေဖန်ထောက်ပြချက်များ ရှိနေပေသေးသည်။

mgyoe.com

mgyoe.com

## ဝေဖန်သံများ

လတ်တလောနှစ်များ၌ ဆွီဒင်အကယ်ဒမီ၏ ဆုကြီးကို ကိုင်တွယ်ပုံအပေါ် ပြင်းထန်သည့်ဝေဖန်မှုများ ခံယူနေရသည်။ ဝေဖန်သူတို့က ထောက်ပြကြသည်မှာ လူသိများကျော်ကြားသည့် စာရေးသူအများအပြားတို့ ဆုချီးမြှင့်ခြင်း မခံကြရခြင်းအပြင် ဆုချီးမြှင့်ရန် လျာထားသည့်စာရင်း၌ပင်လျှင် ထည့်သွင်းစဉ်းစားပေးခြင်း မခံကြရသည့်အချက်ဖြစ်သည်။ ဝေဖန်သူအချို့တို့က ထောက်ပြကြသည်မှာ ဆုချီးမြှင့်ခြင်းခံရသည့် လူသိများသော စာရေးသူတို့သည် ဆုကြီးနှင့် ထိုက်တန်ခြင်း မရှိဟူ၍ ဖြစ်သည်။ ရွေးချယ်ရန်လျာထားသည့်စာရင်း ပြုစုသည့်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေး စသည်တို့ ပါဝင်နေသည်ဟု စွပ်စွဲခြင်းများ ရှိနေသည်။ နောက်မှပေါ်သည့် ရွှေကြာပင် စာဆိုတော်များကို လျာထားရန် ရွေးချယ်ခြင်းအပေါ်၌လည်း ဝေဖန်မှုများ ရှိနေသည်။ အိန္ဒိယမှ ပညာတတ် ဆာဘာရီ မိတာက နိုဘယ်စာပေဆုကြီးသည် အခြားဆုများကို အုပ်မိုးထားနိုင်သည်မှာ မှန်သော်လည်း စာပေထူးချွန်ပြောင်မြောက်မှုအတွက် စံအမှတ် မဟုတ်ဟု ပြောဆိုခဲ့ပေသည်။ ထိုသို့ပြောဆိုဝေဖန်မှုများ ရှိနေသည့် ဆုကြီးကို စီစဉ်စေခဲ့သော ကာယကံရှင်အနေဖြင့် မည်သို့သော စိတ်စေတနာများ ထားရှိသနည်း။

## သူ့ဆန္ဒ

အဲလ်ဖရက် နိုဘယ်သည် သူ၏ နောက်ဆုံးသေတမ်းစာ၌ ပြဋ္ဌာန်းထားသည်မှာ သူ့ငွေကြေးဖြင့် ဆုများ အစဉ်အဆက်ပေးနိုင်အောင် ဖန်တီးပေးရမည်ဖြစ်ပြီး ထိုဆုများကို "လူ့ဘောင်ကောင်းကျိုး အကြီးမားဆုံးဖြစ်ထွန်းစေသည့်သူများ"ကို ပေးအပ်ချီးမြှင့်ပေးရမည် ဟူ၍ဖြစ်သည်။ ဆုကြီးများပေးရမည့် နယ်ပယ်များမှာ ရူပဗေဒ၊ ဓာတုဗေဒ၊ ငြိမ်းချမ်းရေး၊

mgyoe.com

mgyoe.com


ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနှင့် စာပေတို့ ဖြစ်သည်။

နိုဘယ်သည် သူ့ဘဝသက်တမ်းတစ်လျှောက်၌ သေတမ်းစာအတော်များများကို ရေးသားခဲ့ပြီး နောက်ဆုံးသေတမ်းစာကို သူ မကွယ်လွန်ခင် တစ်နှစ်သာသာအလို၌ ရေးသားခဲ့သည်။ သေတမ်းစာ မှန်ကန်မှု အထောက်အထား ခိုင်လုံစေရန်အတွက် ပါရီမြို့ရှိ ဆွီဒင်–နော်ဝေး ကလပ်၌ ၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ နေ့တွင် လက်မှတ်ရေးထိုးပေးခဲ့သည်။ နိုဘယ်သည် သူ့ပိုင်ဆိုင်မှုအဝဝ၏ ၉၄% ကို နိုဘယ်ဆုကြီး ငါးဆု ထူထောင်ထားနိုင်ရန်အတွက် ငွေပဒေသာပင် စိုက်ထူပေးခဲ့သည်။ ၁၉၈၀ ခုနှစ်တွင်ရှိသော ငွေတန်ဖိုးအရ တွက်ချက်မည်ဆိုပါက သူ လှူဒါန်းထောက်ပံ့ခဲ့သည့် ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၈၆ သန်းနှင့် ညီမျှပေသည်။

သူ့သေတမ်းစာကို အကောင်အထည်ဖော်ရန် နှောင့်နှေးမှုများ ရှိခဲ့ပြီး ၁၈၉၇ ခုနှစ်၊ ဧပြီလ၊ ၂၆ ရက်ကျမှ နော်ဝေးပါလီမန်က အတည်ပြုပေးခဲ့သည်။ နိုဘယ်ဖောင်ဒေးရှင်း ဖွဲ့စည်းထူထောင်ပြီး နိုဘယ်၏ ကြွယ်ဝမှုများကို ထိန်းသိမ်းစောင့်ရှောက်ကာ ဆုများကို စီစဉ်ပေးခဲ့သည်။

သေတမ်းစာကို အတည်ပြုပေးပြီးသည့်အခါ များမကြာခင်မှာပင် ငြိမ်းချမ်းရေးဆုအတွက် နော်ဝေ နိုဘယ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုနောက် ဆုချီးမြှင့်ရေးအဖွဲ့အစည်းများ တစ်ခုပြီးတစ်ခု ဖွဲ့စည်းခဲ့သည်။ ၎င်းခုနှစ် ဇွန်လ ၇ ရက်၌ Karolinska Institutet ကိုလည်းကောင်း၊ ဇွန်လ ၉ ရက်၌ Swedish Academy ကိုလည်းကောင်း၊ ဇွန်လ ၁၁ ရက်၌ Royal Swedish Academy of Sciences ကိုလည်းကောင်း ဖွဲ့စည်းကာ တာဝန်အသီးသီး အပ်နှင်းခဲ့သည်။ ထိုနောက် နိုဘယ်ဖောင်ဒေး ရှင်းသည် နိုဘယ်ဆုများ မည်သို့ရွေးချယ်ချီးမြှင့်ရမည်ဆိုသည့် လမ်းညွှန် ချက်များအပေါ် အဖွဲ့ဝင်များအကြား သဘောတူညီမှု

mgyoe.com

mgyoe.com

ရယူနိုင်ခဲ့သည်။ ဤသို့ဖြင့် နိုဘယ်၏ သေတမ်းစာအလိုအရ နိုဘယ် စာပေဆုချီးမြှင့်ရန်အတွက် ဆွီဒင်အကယ်ဒမီက တာဝန်ယူခဲ့ပေသည်။

## ဆုချီးမြှင့်ရန် လျာထားသည့်စာရင်း လုပ်ထုံးလုပ်နည်း

နှစ်စဉ်နှစ်တိုင်း ဆွီဒင်အကယ်ဒမီသည် နိုဘယ်စာပေဆု ချီးမြှင့်နိုင်ရန်အတွက် အမည်တင်သွင်းရန် တောင်းခံခြင်းများ ပြုသည်။ စာပေဆိုင်ရာ သင်ကြားမှုများပြုသည့် ကျောင်းများနှင့် စာပေဆိုင်ရာ လူ့အဖွဲ့အစည်းများတို့၏ အဖွဲ့ဝင်များ၊ စာပေနှင့် ဘာသာစကား ပါမောက္ခများ၊ ယခင်က နိုဘယ်စာပေဆုရ စာဆိုတော်များ၊ စာရေးသူအစည်းအရုံးများ၏ဥက္ကဋ္ဌများ အကုန်လုံးတို့သည် လျာထားသည့် အမည်စာရင်းအတွက် စာရေးသူအမည်များ အဆိုပြုခွင့် ရှိကြသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် အဆိုပြုခွင့် မရှိချေ။

နှစ်စဉ် အရေအတွက် ထောင်ချီသော ပန်ကြားစာများ ပေးပို့ကာ အမည်စာရင်း တောင်းခံသည်။ ဥပမာအားဖြင့် ၂၀၁၁ ခုနှစ်တွင် အကြောင်းပြန်စာ စုစုပေါင်း ၂၂၀ ကို လက်ခံရရှိခဲ့သည်။ ထိုအဆိုပြုလွှာများကို အကယ်ဒမီထံသို့ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား ပေးပို့ကြရပြီး နိုဘယ်ကော်မတီမှ စိစစ်ပေးသည်။ ဧပြီလ၌ စာရင်းတွင် အမည်နှစ်ဆယ်ဝန်းကျင်သာ ကျန်ရှိသည်အထိ ဆန်ခါချစိစစ်ပြီးချေပြီ။ မေလ၌ ဆန်ခါတင် ငါးဦး၏ အမည်စာရင်းကို ကော်မတီမှ အတည်ပြုပေးသည်။ နောက်ထပ်လေးလအတွင်း၌ ဆန်ခါတင်ငါးဦး ရေးသားခဲ့သည့်လက်ရာများကို ဖတ်ရှုခြင်းနှင့် သုံးသပ်ခြင်းများ ပြုကြသည်။ အောက်တိုဘာလ၌ အကယ်ဒမီအဖွဲ့ဝင်တို့က ဆန်ခါတင် ငါးဦးကို မဲခွဲဆုံးဖြတ်ခြင်းပြုကြပြီး ထောက်ခံမဲ ထက်ဝက်ကျော်ရရှိသည့် ဆန်ခါတင်စာရေးသူကို နိုဘယ်စာပေဆုရှင်အဖြစ် သတ်မှတ်သည်။

mgyoe.com

mgyoe.com

ထူးခြားချက်တစ်ချက်မှာ လျာထားစာရင်းတွင် အနည်းဆုံး နှစ်ကြိမ် မပါဖူးလျှင် မည်သူမှ ဆုမရနိုင်ဟု သတ်မှတ်ထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ စာရင်းတွင် ပါဖူးပြီးသား စာရေးသူအများအပြားတို့ ပြန်ပါလာပြီး ပြန်သုံးသပ်ကြသည်။ အကယ်ဒမီသည် ဘာသာစကား ၁၃ မျိုးကို ကျွမ်းကျင်နိုင်နင်းသည်။ အကယ်၍ လျာထား စာရင်းဝင်သူသည် မတတ်ကျွမ်းသည့် ဘာသာစကားဖြင့် ရေးသားသူ ဖြစ်နေပါက ဘာသာပြန်များ ခေါ်ယူအသုံးပြုသည်။ ထိုစာရေးသူအတွက် နမူနာများကို ကျမ်းသစ္စာ ကျိန်ဆိုထားသည့် ကျွမ်းကျင်သူတို့ကို တင်ပြခိုင်းသည်။ အခြားအခြင်းအရာတို့သည် အခြားနိုဘယ်ဆုများနှင့် အတူတူပင် ဖြစ်သည်။

## ဆုငွေတော်

နိုဘယ်စာပေဆုရှင် စာဆိုတော်ကို ရွှေတံဆိပ်တစ်ခု ချီးမြှင့်သည်။ ဂုဏ်ပြုလွှာတစ်စောင်ပေးအပ်သည်။ ငွေသားလည်း ချီးမြှင့်သည်။ ပေးအပ်သည့် ငွေသားပမာဏသည် နိုဘယ်ဖောင်ဒေးရှင်း၏ ၎င်းဆု ချီးမြှင့်သည့်နှစ်တွင် ရရှိသည့် ဝင်ငွေအပေါ် မူတည်သည်။ အကယ်၍ နိုဘယ်စာပေဆုကို တစ်ဦးထက်ပိုပြီး ချီးမြှင့်ပါက ဆုကြေးကို အညီအမျှ ခွဲဝေပေးသည်။ သို့သော် သုံးဦးကို ချီးမြှင့်သောအခါ၌ ထက်ဝက်ကို တစ်ဦးအား ချီးမြှင့်ပြီး ကျန်သည့်ထက်ဝက်ကို တစ်ဝက်စီဝက်ကာ နှစ်ပုံပုံပြီး ကျန်သည့်သူနှစ်ဦးအား တစ်ပုံစီ အသီးသီး ချီးမြှင့်ခြင်းမျိုး လည်းရမည်ဖြစ်သည်။ ပူးတွဲဆုရှင်အဖြစ် နှစ်ဦးနှင့်အထက်ကို ချီးမြှင့်ပါက ထိုသူတို့အကြား ငွေသားပမာဏကို ခွဲဝေပေးအပ်သည်။

နိုဘယ်ဆုအတွက် ငွေသားပမာဏသည် ဆုကို စတင်ချီးမြှင့်က တည်းကစ၍ နိုဘယ်ဖောင်ဒေးရှင်း၏ဝင်ငွေအနည်းအများအရ အတက်

mgyoe.com

အကျရှိနေခဲ့ပေသည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ သိန်း ခန့်ရှိခဲ့ပြီး ရှေးယခင်နှစ်များထက် အဦးဆုံးအကြိမ်အဖြစ် လျော့နည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ခုနှစ်၌ အမေရိကန် ဒေါ်လာ ၂၃ သိန်းကျော် ရှိခဲ့ရာမှ သိသိသာသာ လျော့နည်းသွားခဲ့ခြင်း ဖြစ်သည်။ အများဆုံးအနေဖြင့် ၂၀၀၁ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၁၆ သိန်း ရှိခဲ့သည်။ ထိုသို့ အတက်အကျများရှိနေသော်လည်း ကမ္ဘာပေါ်တွင် ချီးမြှင့်လျက်ရှိသည့် စာပေဆုများတွင် ငွေသားပမာဏ အများဆုံးဖြစ်သည့်အပြင် အခြားဆု အားလုံးထက် အပြတ်အသတ် ပိုများသည့် ပမာဏဖြစ်သည်။

## နိုဘယ်ဆုတံဆိပ်များ

နိုဘယ်ဆုတံဆိပ်များကို ဆွီဒင်နှင့် နော်ဝေးနိုင်ငံတို့တွင် သွန်းလုပ်ခဲ့ကြသည်မှာ ၁၉၀၂ ခုနှစ်ကတည်းက ဖြစ်သည်။ နိုဘယ်ဖောင်ဒေးရှင်း၏ မှတ်ပုံတင်အမှတ်တံဆိပ်ကို အသုံးပြုထားသည်။ ဆု၏ ရှေ့မျက်နှာစာဘက်တွင် အဲလ်ဖရက်နိုဘယ်၏ ဝဲဘက်မှ မြင်ရပုံကို ဖော်ပြပေးထားသည်။ နိုဘယ်ဓာတုဗေဒဆု၊ နိုဘယ်ရူပဗေဒဆု၊ နိုဘယ်စာပေဆုနှင့် နိုဘယ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆုတို့အတွက် ဆုတံဆိပ် အသီးသီးတို့မှာ အကုန်လုံး အတူတူပင်ဖြစ်သည်။ အဲလ်ဖရက်နိုဘယ်၏ ဝဲဘက်မှ မြင်ရပုံနှင့်အတူ သူ၏ မွေးနှစ်နှင့် ကွယ်လွန်နှစ် (၁၈၃၃–၁၈၉၆)တို့ကို ဖော်ပြပေးထားသည်။ နိုဘယ်ငြိမ်းချမ်းရေးဆုနှင့် နိုဘယ်စီးပွားရေးဆုတို့အတွက် ဆုတံဆိပ်အသီးသီးတို့တွင် အဲလ်ဖရက်နိုဘယ်၏ပုံကို ဖော်ပြထားသော်လည်း ဒီဇိုင်းအနည်းငယ် ကွဲသည်။

ဆုတံဆိပ်၏ကျောဘက်သည် ဆုရှင် ရွေးချယ်ပေးသည့် အဖွဲ့အစည်းအရ ကွဲပြားမည်ဖြစ်သည်။ ဓာတုဗေဒနှင့် ရူပဗေဒတို့အတွက် နိုဘယ်ဆုတံဆိပ်ကျောဘက်သည် ဒီဇိုင်းတစ်ခုတည်းကို အတူတူ သုံးစွဲ

mgyoe.com

mgyoe.com




နိုဘယ်စာပေဆု ရွှေတံဆိပ်နှင့် ဒီပလိုမာဂုဏ်ပြုလက်မှတ်

ထားကြသည်။

နိုဘယ်ဆုရှင် စာဆိုတော်တို့သည် ဆွီဒင်ဘုရင်ထံမှ ဒီပလိုမာ လက်မှတ်ကို တိုက်ရိုက်ရယူကြရသည်။ ၎င်းဒီပလိုမာလက်မှတ်ကို ဆုရှင်တစ်ဦးချင်းအရ သီးခြားစီ ဒီဇိုင်းထုတ်ပေးထားသည်။ ဒီပလိုမာ လက်မှတ်ပေးတွင် ဆုရှင်၏ပုံ၊ ဆုရှင်၏အမည်စာသားနှင့် အဘယ် ကြောင့် ဤဆုကို ချီးမြှင့်ခြင်းခံရသည်ကို ဖော်ပြပေးထားသည့် စာသား တို့ ပါဝင်ကြသည်။

## လျာထားအမည်စာရင်း လျှို့ဝှက်ထားခြင်း

နိုဘယ်စာပေဆုပေးဖို့ အလားအလာရှိသည့် လျာထားအမည် စာရင်းကို နှစ်ပေါင်းငါးဆယ်တိုင်တိုင် လျှို့ဝှက်ထားသည်။ သို့ဖြစ်ရာ နှစ်ပေါင်း ငါးဆယ်ပြည့် ပြီးမှသာ လျာထားအမည်စာရင်းကို လူအများ သိခွင့်ရရှိသည်။ ဥပမာအားဖြင့် ၁၉၆၂ခုနှစ်အတွက် လျာထားအမည် စာရင်းကို နောက်ထပ်နှစ်ပေါင်းငါးဆယ် ကြာမြင့်ပြီးချိန်ဖြစ်သည့် ၂၀၁၂ ခုနှစ်ကျမှ လူအများ သိခွင့်ရကြပေသည်။

mgyoe.com

mgyoe.com

# နိုဘယ်စာပေဆုရှင်များ အမည်စာရင်း

၂၀၁၃ ခုနှစ်အထိ နိုဘယ်စာပေဆု ချီးမြှင့်ခြင်းခံရသူ စုစုပေါင်း ၁၁၀ ဦး ရှိပြီဖြစ်သည်။ နိုဘယ်စာပေဆုရှင်များ အမည်စာရင်းကို ဖော်ပြခြင်းမပြုခင် ဆုရှင်အချို့နှင့်ပတ်သက်နေသော ထူးခြားဖြစ်စဉ်တို့ကို တင်ပြလိုပေသည်။

၂၀၀၈ ခုနှစ်၌ အကယ်ဒမီ၏ ရာသက်ပန်အတွင်းရေးမှူး ဟိုရေစ် အင်ဒါလ်က "ဥရောပသည် ကမ္ဘာစာပေ၏ ဗဟိုချက် ဖြစ်နေဆဲရှိသည်" ဟု အတိအလင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ကြောင့်လည်း နိုဘယ် စာပေဆုရှင်စာရင်းတွင် ဥရောပ မှ စာရေးသူများ အများဆုံးဖြစ်နေရသည် ဟု နားလည်သဘောပေါက်ကြရပေသည်။ ဆွီဒင်နိုင်ငံမှ နိုဘယ်ဆုရသူ စာဆိုတော်ဦးရေသည် အာရှတိုက်မှ နိုဘယ်ဆုရသူ စာဆိုတော် စုစုပေါင်းဦးရေထက် ပိုများနေသည်အထိ သာသာထိုးထိုး ဖြစ်နေသည် ကို တွေ့ကြရသည်။

၁၉၆၄ ခုနှစ်၌ နိုဘယ်စာပေဆုရရှိခဲ့သူ Jean-Paul Sartre သည် ဆုရယူခြင်း မပြုခဲ့ချေ။ သူက

" ကျွန်တော်က Jean-Paul Sartre လို့ လက်မှတ်ထိုးတာနဲ့ Jean-Paul Sartre နိုဘယ်စာပေဆုရှင်လို့ လက်မှတ်ထိုးတာ မတူဘူး။ စာရေးသူတစ်ဦးအဖို့ အဖွဲ့အစည်းတစ်ခုထဲ ပုံပြောင်းပြီး သူ့သဘော အလျောက် ဝင်ရတာကို ငြင်းဆန်ရမယ်။ အမြင့်မားဆုံး ဂုဏ်ပြုချီးမြှင့် ခြင်း ဖြစ်နေရင်တောင် သူ ငြင်းရမယ် "

ဟု ပြောကြားခဲ့ပေသည်။

၁၉၆၂ ခုနှစ်၌ နိုဘယ်စာပေဆုကို John Steinbeck အား ချီးမြှင့်ခဲ့ ခြင်းအတွက် အကြီးအကျယ် ဝေဖန်ပြစ်တင်ခဲ့ကြသည်။ အဆင့်မမီသူကို

mgyoe.com

mgyoe.com


ပေးသည်ဟု ဝေဖန်သုံးသပ်ကြသည်။ သူ့ကို ဆုချီးမြှင့်ရန် ရွေးချယ်သော ကြေညာသည့်နေ့၌ John Steinbeck ကို ဆုရထိုက်သူဟု ယူဆခြင်း ရှိမရှိ မေးမြန်းခဲ့ရာ၌ သူက

"ပွင့်လင်းရိုးသားစွာ ဖြေမယ်။ ဟင့်အင်း"

ဟု ဆုရှင်ကိုယ်၌က မထိုက်တန်ပါကြောင်း ဖြေကြားခဲ့ပေသည်။

မည်သို့ မှားယွင်းခဲ့သည်ကို မသိခဲ့ကြရဘဲ နောက်ထပ် နှစ်ပေါင်း ငါးဆယ်ကြာပြီးချိန် လူအများကို လျာထားအမည်စာရင်း သိခွင့်ပေးသော အခါ၌ လေ့လာကြည့်ကြသောအခါ ၁၉၆၂ ခုနှစ်အတွက် လျာထား စာရင်းတွင် အမည်ပါဝင်ကြသည့် စာရေးသူများထဲမှ ဆန်ခါတင်စာရင်း သို့ ပါလာကြသူများအားလုံးသည် နိုဘယ် စာပေဆု ရထိုက်သောအဆင့် ရှိသူတစ်ဦးမှမပါကြောင်း တွေ့ကြရသည်။ သို့ဖြစ်ရာ အနှစ်မရှိသည့် တောတွင် ကြက်ဆူပင်မင်းမူဆိုသည့်အတိုင်း John Steinbeck ဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကြောင်း သဘောပေါက်ကြရပေသည်။

၁၉၅၈ခုနှစ်၌ ဆုချီးမြှင့်ခြင်းခံရသူ ရုရှားပြည်ဖွား Boris Pasternak သည် ထိုစဉ်က ဆိုဗီယက်ယူနီယံ၏ ကွန်မြူနစ်အစိုးရမှ ဖိအားပေးခြင်း ခံရသဖြင့် ဆုရယူဖို့ ငြင်းဆန်ခဲ့ရပေသည်။

ဆုရရှိသူတို့တွင် အမျိုးသမီးဦးရေသည် ၁၃ ဦး ရှိကြောင်း တွေ့ရ သည်။ ဆုကို စာရေးသူနှစ်ဦးတို့အား ပေးအပ်ခဲ့သည့်နှစ်များ ကြိမ်ရေ လေးကြိမ်ရှိခဲ့ပြီး ၎င်းနှစ်များမှာ ၁၉၀၄၊ ၁၉၁၇၊ ၁၉၆၆ နှင့် ၁၉၇၄ တို့ ဖြစ်သည်။ နိုဘယ်စာပေဆု ချီးမြှင့်ခြင်းမပြုခဲ့သည့်နှစ် စုစုပေါင်း ခုနစ် နှစ်ရှိခဲ့ပြီး ၎င်းတို့မှာ ၁၉၁၄၊ ၁၉၁၈၊ ၁၉၃၅၊ ၁၉၄၀၊ ၁၉၄၁၊ ၁၉၄၂ နှင့် ၁၉၄၃ ခုနှစ်တို့ ဖြစ်သည်။

mgyoe.com

mgyoe.com


## နိုဘယ် စာပေဆုရှင်စာရင်း (၁၉၀၁-၂၀၁၄)

| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၀၁ | Sully Prudhomme | ပြင်သစ်/ပြင်သစ် | ကဗျာ၊ စာတမ်းတို |
| ၁၉၀၂ | Theodor Mommsen | ဂျာမနီ/ဂျာမန် | သမိုင်း၊ ဥပဒေ |
| ၁၉၀၃ | Bjørnstjerne Bjørnson | နော်ဝေး/နော်ဝေး | ကဗျာ၊ ဝတ္ထု၊ ပြဇာတ် |
| ၁၉၀၄ | Frédéric Mistral | ပြင်သစ်/အောက်စီတန် | ကဗျာ၊ ဝေါဟာရဗေဒ |
| ၁၉၀၄ | José Echegaray | စပိန်/စပိန် | ပြဇာတ် |
| ၁၉၀၅ | Henryk Sienkiewicz | ပိုလန်/ပိုလန် | ဝတ္ထု |
| ၁၉၀၆ | Giosuè Carducci | အီတလီ/အီတလီ | ကဗျာ |
| ၁၉၀၇ | Rudyard Kipling | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ ကဗျာ |
| ၁၉၀၈ | Rudolf Christoph Eucken | ဂျာမန်/ဂျာမန် | ဒဿန |
| ၁၉၀၉ | Selma Lagerlöf | ဆွီဒင်/ဆွီဒင် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၁၀ | Paul von Heyse | ဂျာမန်/ဂျာမန် | ကဗျာ၊ ပြဇာတ်၊ ဝတ္ထု ဝတ္ထုတို |
| ၁၉၁၁ | Maurice Maeterlinck | ဘယ်လ်ဂျီယံ/ပြင်သစ် | ပြဇာတ်၊ ကဗျာ၊ စာတမ်းတို |
| ၁၉၁၂ | Gerhart Hauptmann | ဂျာမနီ/ဂျာမန် | ပြဇာတ်၊ ဝတ္ထု |
| ၁၉၁၃ | Rabindranath Tagore | အိန္ဒိယ/ဘင်္ဂါလီ | ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ ဝတ္ထုတို၊ ဂီတ |
| ၁၉၁၄ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၁၅ | Romain Rolland | ပြင်သစ်/ပြင်သစ် | ဝတ္ထု |
| ၁၉၁၆ | Verner von Heidenstam | ဆွီဒင်/ဆွီဒင် | ကဗျာ၊ ဝတ္ထု |
| ၁၉၁၇ | Karl Adolph Gjellerup | ဒိန်းမတ်/ဒိန်းမတ် | ကဗျာ့ |
| ၁၉၁၇ | Henrik Pontoppidan | ဒိန်းမတ်/ဒိန်းမတ် | ဝတ္ထု |
| ၁၉၁၈ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၁၉ | Carl Spitteler | ဆွစ်ဇာလန်/ဂျာမန် | ကဗျာ |
| ၁၉၂၀ | Knut Hamsun | နော်ဝေ/နော်ဝေ | ဝတ္ထု |
| ၁၉၂၁ | Anatole France | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ ကဗျာ၊ |
| ၁၉၂၂ | Jacinto Benavente | စပိန်/စပိန် | ပြဇာတ် |
| ၁၉၂၃ | William Butler Yeats | အိုင်ယာလန်/အင်္ဂလိပ် | ကဗျာ |
| ၁၉၂၄ | Wladyslaw Reymont | ပိုလန်/ပိုလန် | ဝတ္ထု |
| ၁၉၂၅ | George Bernard Shaw | အိုင်ယာလန်/အင်္ဂလိပ် | ပြဇာတ်၊ စာပေဝေဖန်ရေး |
| ၁၉၂၆ | Grazia Deledda | အီတလီ/အီတလီ | ကဗျာ၊ ဝတ္ထု |
| ၁၉၂၇ | Henri Bergson | ပြင်သစ်/ပြင်သစ် | ဒဿန |
| ၁၉၂၈ | Sigrid Undset | နော်ဝေ/နော်ဝေ | ဝတ္ထု |
| | ဒိန်းမတ်တွင် မွေးဖွား၊ နော်ဝေနိုင်ငံသားခံယူသည်။ | | |
| ၁၉၂၉ | Thomas Mann | ဂျာမန်/ဂျာမန် | ဝတ္ထု၊ ဝတ္ထုတို၊ စာတမ်းတို |

mgyoe.com

mgyoe.com




အာရှတိုက်သား စာဆိုတော်တို့တွင် နိုဘယ်စာပေဆု အဦးဆုံးရရှိခဲ့သည့်
Rabindranath Tagore

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၃၀ | Sinclair Lewis | နော်ဝေ/နော်ဝေ | ဝတ္ထု၊ ဝတ္ထုတို၊ ပြဇာတ် |
| ၁၉၃၁ | Erik Axel Karlfeldt | ဆွီဒင်/ဆွီဒင် | ကဗျာ |
| ၁၉၃၂ | John Galsworthy | ယူကေ/အင်္ဂလိပ် | ဝတ္ထု |
| ၁၉၃၃ | Ivan Bunin | နိုင်ငံမဲ့/ရုရှား | ဝတ္ထုတို၊ ကဗျာ၊ ဝတ္ထု |
| | ရုရှားတွင် မွေးဖွား။ နိုင်ငံမဲ့အဖြစ် ပြင်သစ်တွင် နေထိုင်သည်။ | | |
| ၁၉၃၄ | Luigi Pirandello | အီတလီ/အီတလီ | ပြဇာတ်၊ ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၃၅ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၃၆ | Eugene O'Neill | အမေရိကန်/အင်္ဂလိပ် | ပြဇာတ် |
| ၁၉၃၇ | Roger Martin du Gard | ပြင်သစ်/ပြင်သစ် | ဝတ္ထု |
| ၁၉၃၈ | Pearl S. Buck | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ အတ္ထုပ္ပတ္တိ |
| ၁၉၃၉ | Frans Eemil Sillanpää | ဖင်လန်/ဖင်လန် | ဝတ္ထု |
| ၁၉၄၀ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၄၁ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၄၂ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၄၃ | ဆုချီးမြှင့်ခြင်း မရှိပါ။ | | |
| ၁၉၄၄ | Johannes Vilhelm Jensen | ဒိန်းမတ်/ဒိန်းမတ် | ကဗျာ |
| ၁၉၄၅ | Gabriela Mistra | ချီလီ/စပိန် | ကဗျာ |
| ၁၉၄၆ | Hermann Hesse | ဆွစ်ဇာလန်/ဂျာမန် | ဝတ္ထု၊ ကဗျာ |
| ၁၉၄၇ | André Gide | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ စာတမ်းတို |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၄၈ | T. S. Eliot | ယူကေ/အင်္ဂလိပ် | ကဗျာ |
| ၁၉၄၉ | William Faulkner | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၅၀ | Bertrand Russell | ယူကေ/အင်္ဂလိပ် | ဒဿန |
| ၁၉၅၁ | Pär Lagerkvist | ဆွီဒင်/ဆွီဒင် | ကဗျာ၊ ဝတ္ထု၊ ဝတ္ထုတို ပြဇာတ် |
| ၁၉၅၂ | François Mauriac | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ ဝတ္ထုတို ၁၉၅၃ |
| Winston Churchill | | ယူကေ/အင်္ဂလိပ် | သမိုင်း၊ စာတမ်းတို ကိုယ်တွေ့မှတ်တမ်း |
| ၁၉၅၄ | Ernest Hemingway | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ ဇာတ်ညွှန်း |
| ၁၉၅၅ | Halldór Laxness | အိုင်စလန်/အိုင်စလန် | ဝတ္ထု၊ ဝတ္ထုတို၊ ပြဇာတ် ကဗျာ |
| ၁၉၅၆ | Juan Ramón Jiménez | စပိန်/စပိန် | ကဗျာ |
| ၁၉၅၇ | Albert Camus | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ ဝတ္ထုတို၊ ပြဇာတ်၊ ဒဿန၊ စာတမ်းတို |
| ၁၉၅၈ | Boris Pasternak | ဆိုဗီယက်/ရုရှား | ဝတ္ထု၊ ကဗျာ၊ ဘာသာပြန် |
| ၁၉၅၉ | Salvatore Quasimodo | အီတလီ/အီတလီ | ကဗျာ |
| ၁၉၆၀ | Saint-John Perse | ပြင်သစ်/ပြင်သစ် | ကဗျာ |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၆၁ | Ivo Andric' | ယူဂိုဆလားဗီးယား/ ဆာဗ်-ခရိုရေးရှား | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၆၂ | John Steinbeck | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ ဇာတ်ညွှန်း |
| ၁၉၆၃ | Giorgos Seferis | ဂရိ/ဂရိ | ကဗျာ |
| ၁၉၆၄ | Jean-Paul Sartre | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ ဒဿန၊ ပြဇာတ် စာပေဝေဖန်ရေး၊ ဇာတ်ညွှန်း |
| ၁၉၆၅ | Mikhail Sholokhov | ဆိုဗီယက်/ရုရှား | ဝတ္ထု |
| ၁၉၆၆ | Shmuel Yosef Agnon | အစ္စရေး/ဟေဘရူး | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၆၆ | Nelly Sachs | ဆွီဒင်/ဂျာမန် | ဝတ္ထု၊ ကဗျာ |
| ၁၉၆၇ | Miguel Ángel Asturias | ဂွာတီမာလာ/စပိန် | ဝတ္ထု၊ ကဗျာ |
| ၁၉၆၈ | Yasunari Kawabata | ဂျပန်/ဂျပန် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၆၉ | Samuel Beckett | အိုင်ယာလန်/ အင်္ဂလိပ်နှင့်ပြင်သစ် | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ |
| ၁၉၇၀ | Aleksandr Solzhenitsyn | ဆိုဗီယက်/ရုရှား | ဝတ္ထု |
| ၁၉၇၁ | Pablo Neruda | ချီလီ/စပိန် | ကဗျာ၊ |
| ၁၉၇၂ | Heinrich Böll | ဂျာမနီ/ဂျာမန် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၇၃ | Patrick White | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ ပြဇာတ် |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၇၄ | Eyvind Johnson | ဆွီဒင်/ဆွီဒင် | ဝတ္ထု |
| ၁၉၇၄ | Harry Martinson | ဆွီဒင်/ဆွီဒင် | ကဗျာ၊ ဝတ္ထု၊ ပြဇာတ် |
| ၁၉၇၅ | Eugenio Montale | အီတလီ/အီတလီ | ကဗျာ |
| ၁၉၇၆ | Saul Bellow | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၇၇ | Vicente Aleixandre | စပိန်/စပိန် | ကဗျာ |
| ၁၉၇၈ | Isaac Bashevis Singer | အမေရိကန်/ယီဒစ်ရှ် | ဝတ္ထု၊ ဝတ္ထုတို၊ ကိုယ်တွေ့မှတ်တမ်း |
| ၁၉၇၉ | Odysseas Elytis | ဂရိ/ဂရိ | ကဗျာ |
| ၁၉၈၀ | Czeslaw Milosz | အမေရိကန်/ပိုလန် | ကဗျာ၊ စာတမ်းတို |
| ၁၉၈၁ | Elias Canetti | ဘူဂေးရီးယား/ဂျာမန် | ဝတ္ထု၊ ပြဇာတ်၊ ကိုယ်တွေ့မှတ်တမ်း စာတမ်းတို |
| ၁၉၈၂ | Gabriel García Márquez | ကိုလံဘီယာ/စပိန် | ဝတ္ထု၊ ဝတ္ထုတို၊ ဇာတ်ညွှန်း |
| ၁၉၈၃ | William Golding | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ကဗျာ၊ ပြဇာတ် |
| ၁၉၈၄ | Jaroslav Seifert | ချက်ကိုစလို ဗက်ကီးယား/ချက် | ကဗျာ |
| ၁၉၈၅ | Claude Simon | ပြင်သစ်/ပြင်သစ် | ဝတ္ထု |
| ၁၉၈၆ | Wole Soyinka | နိုင်ဂျီးရီးယား/အင်္ဂလိပ် | ပြဇာတ်၊ ဝတ္ထု၊ ကဗျာ |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၈၇ | Joseph Brodsky | အမေရိကန်/ အင်္ဂလိပ်နှင့် ရုရှား | ကဗျာ |
| ၁၉၈၈ | Naguib Mahfouz | အီဂျစ်/အာရေဗျ | ဝတ္ထု |
| ၁၉၈၉ | Camilo José Cela | စပိန်/စပိန် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၉၀ | Octavio Paz | မက္ကဆီကို/စပိန် | ကဗျာ၊ စာတမ်းတို |
| ၁၉၉၁ | Nadine Gordimer | တောင်အာဖရိက/ အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ စာတမ်းတို |
| ၁၉၉၂ | Derek Walcott | စိန့်လူစီယာ/အင်္ဂလိပ် | ကဗျာ |
| ၁၉၉၃ | Toni Morrison | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု |
| ၁၉၉၄ | Kenzaburo Oe | ဂျပန်/ဂျပန် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၉၅ | Seamus Heaney | အိုင်ယာလန်/အင်္ဂလိပ် | ကဗျာ |
| ၁၉၉၆ | Wislawa Szymborska | ပိုလန်/ပိုလန် | ကဗျာ |
| ၁၉၉၇ | Dario Fo | အီတလီ/အီတလီ | ပြဇာတ် |
| ၁၉၉၈ | José Saramago | ပေါ်တူဂီ/ပေါ်တူဂီ | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ |
| ၁၉၉၉ | Günter Grass | ဂျာမနီ/ဂျာမနီ | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ |
| ၂၀၀၀ | Gao Xingjian | တရုတ်/တရုတ် စာပေဝေဖန်ရေး | ဝတ္ထု၊ ပြဇာတ်၊ |
| ၂၀၀၁ | V. S. Naipaul | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ စာတမ်းတို |
| ၂၀၀၂ | Imre Kertész | ဟန်ဂေရီ/ဟန်ဂေရီ | ဝတ္ထု |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၂၀၀၃ | J. M. Coetzee | တောင်အာဖရိက/ အင်္ဂလိပ် | ဝတ္ထု၊ စာတမ်းတို ဘာသာပြန် |
| ၂၀၀၄ | Elfriede Jelinek | သြစတြီးယား/ဂျာမန် | ဝတ္ထု၊ ပြဇာတ် |
| ၂၀၀၅ | Harold Pinter | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ ဝတ္ထုတို၊ ကိုယ်တွေ့မှတ်တမ်း |
| ၂၀၀၆ | Orhan Pamuk | တူရကီ/တူရကီ | ဝတ္ထု၊ ဇာတ်ညွှန်း၊ စာတမ်းတို |
| ၂၀၀၇ | Doris Lessing | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ ဝတ္ထုတို ကိုယ်တွေ့မှတ်တမ်း |
| ၂၀၀၈ | J. M. G. Le Clézio | မော်ရစ်ရှ/ပြင်သစ် | ဝတ္ထု၊ ဝတ္ထုတို၊ စာတမ်းတို၊ ဘာသာပြန် |
| ၂၀၀၉ | Herta Müller | ဂျာမနီ/ဂျာမန် | ဝတ္ထု၊ ကဗျာ၊ |
| ၂၀၁၀ | Mario Vargas Llosa | စပိန်/စပိန် | ဝတ္ထု၊ ဝတ္ထုတို၊ စာတမ်းတို၊ ပြဇာတ် |
| ၂၀၁၁ | Tomas Tranströmer | ဆွီဒင်/ဆွီဒင် | ကဗျာ၊ ဘာသာပြန် |
| ၂၀၁၂ | Mo Yan | တရုတ်/တရုတ် | ဝတ္ထု၊ ဝတ္ထုတို |

mgyoe.com

mgyoe.com


| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၂၀၁၃ | Alice Munro | ကနေဒါ/အင်္ဂလိပ် | ဝတ္ထုတို |
| ၂၀၁၄ | Patrick Modiano | ပြင်သစ်/ပြင်သစ် | ဝတ္ထု၊ ကလေးစာပေ |

နိုဘယ်ဆု သေတမ်းစာ

"... အဆိုပါ အတိုးကို ငါးပုံ အညီအမျှပုံပြီး ဖော်ပြပါအတိုင်း ခွဲဝေပေးရမည်။ ...တစ်စုကို စာပေနယ်ပယ်၌ စံနမူနာ ဦးတည်မှုဖြင့် အပြောင်မြောက် ဆုံးလက်ရာ ထုတ်လုပ်ပေးသူကို ပေးစေရမည် ..."

အဲလ်ဖရက် နိုဘယ်သည် ယဉ်ကျေးမှုကို ကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်တစား ရှိသူဖြစ်သည်။ သူသည် လူငယ်ဘဝမှစ၍ စာပေစိတ်ဝင်စားမှု ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ သူ့တစ်သက်တာလုံး ဖြစ်တော့သည်။ သူ့စာကြည့်တိုက်တွင် ဘာသာအမျိုးမျိုးဖြင့် ရေးသားထားသည့်စာအုပ်များ စုဆောင်းထားရှိသည်။ သူ့တစ်သက်တာ၏ နောက်ဆုံးနှစ်များတွင် သူ လက်ကျင့်သည့်အနေဖြင့် စိတ်ကူးယဉ်ဇာတ်လမ်းကို ရေးသားခဲ့သည်။ သူက ဆုအမျိုးအစားများ သတ်မှတ်ခဲ့ရာ၌ စာပေသည် စတုတ္ထမြောက်ဆု အမျိုးအစားအဖြစ် သေတမ်းစာတွင် ရေးသားဖော်ပြခဲ့သည်။

**၁၁၁** ၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်စာပေဆုရှင် ဦးရေစုစုပေါင်း

**၁၀၇** ၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်စာပေဆု ခုရေစုစုပေါင်း

mgyoe.com



အဲလ်ဖရက် နိုဘယ်(၁၈၃၃-၁၈၉၆)

# ၉၄%

အဲလ်ဖရက် နိုဘယ်သည် နိုဘယ်ဆုအတွက် ငွေ ပဒေသာပင် စိုက်ထူထားရန် သုံးစွဲစေသည့် သူ့ပိုင် ဆိုင်မှုများ၏ ရာခိုင်နှုန်း

mgyoe.com

mgyoe.com


## ဆွီဒင်အကယ်ဒမီ

ရှေ့၌ ဆိုခဲ့ပြီးသည့်အတိုင်း ဆွီဒင်အကယ်ဒမီသည် နိုဘယ်စာပေဆုအတွက် စာဆိုတော် ရွေးချယ်ဆုံးဖြတ်ပေးရသည့် တာဝန်ကို ထမ်းဆောင်ရသည်။ ဤသည်မှာ အဲလ်ဖရက် နိုဘယ်၏ သေတမ်းစာအလိုအရ ဆွီဒင်အကယ်ဒမီမှ တာဝန်ယူလုပ်ကိုင်ပေးရခြင်းဖြစ်ပြီး ၁၉၀၁ ခုနှစ်တွင် ဆုချီးမြှင့်မှု စတင်ခဲ့သည်။

ဆွီဒင်အကယ်ဒမီကို ၁၇၈၆ ခုနှစ်တွင် ဆွီဒင်ဘုရင် တတိယမြောက် ဂုစတပ်ဖ်မှ ထူထောင်ပေးတော်မူခဲ့သည်။ ဆွီဒင်ဘာသာဖြင့် *ဒီ အက်ဒ်တာတွန်* ဟု လူသိများသည့် အဖွဲ့အစည်းဖြစ်သည်။ ဒီ အက်ဒ်တာတွန်သည် "၁၈"ဟု ဆိုလိုသည်။ ထိုသို့ ခေါ်ဝေါ်ရသည်မှာ ဆွီဒင်အကယ်ဒမီတွင် ရာသက်ပန်အဖွဲ့ဝင် ၁၈ ဦးတိတိ ပါဝင်သောကြောင့်ဖြစ်သည်။ လက်ရှိအဖွဲ့ဝင်တို့တွင် ထင်ရှားသည့် ဆွီဒင် စာရေးဆရာများ၊ ဘာသာစကားပညာရှင်များ၊ စာပေပညာတတ်များ၊ သမိုင်းပညာရှင်များ အစရှိသူများ ပါဝင်ကြသည်။ ၎င်းအဖွဲ့အတွက် လုပ်ကိုင်ပေးသည့်အဖွဲ့မှာ နိုဘယ် ကော်မတီဖြစ်ပြီး အဖွဲ့ဝင်တို့ကို သုံးနှစ်သက်တမ်းဖြင့် ရွေးကောက်တင်မြှောက်ပေးသည်။

## ဆုမချီးမြှင့်သည့်နှစ်များ

နိုဘယ်စာပေဆုကို ယေဘုယျအားဖြင့် နှစ်စဉ်ချီးမြှင့်ရန် ဖြစ်သော်လည်း ဆုချီးမြှင့်ခြင်း မပြုဖြစ်ခဲ့သည့်နှစ် ခုနှစ်နှစ် ရှိခဲ့သည်။ ၎င်းတို့မှာ ၁၉၁၄၊ ၁၉၁၈၊ ၁၉၃၅၊ ၁၉၄၀၊ ၁၉၄၁၊ ၁၉၄၂ နှင့် ၁၉၄၃ ခုနှစ်တို့

**၁၈** ဆွီဒင် အကယ်ဒမီ၌ ပါဝင်သည့် ရာသက်ပန်အဖွဲ့ဝင်ဦးရေ

mgyoe.com

ဖြစ်သည်။

အဘယ်ကြောင့် အဆိုပါနှစ်များ၌ ဆုချီးမြှင့်ဖို့ ပျက်ကွက်ခဲ့ရသနည်း။ ဆုအတွက် လျာထားသည့် စာရေးသူများသည် ဆုပေးထိုက်လောက်အောင် အရေးပါ အရာရောက်ခြင်းမရှိသဖြင့် ဆုမပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဆုကြေးကို နောက်လာမည့်နှစ်အတွက် ထားရှိပေးထားလိုက်ရပေသည်။ အကယ်၍ နောက်နှစ်၌လည်း ဆုမပေးနိုင်ပြန်ပါက ဆုကြေးကို ဖောင်ဒေးရှင်း၏ ကန့်သတ်ချုပ်ချယ်ထားသည့်ရန်ပုံငွေတွင် ထည့်ပေါင်းပေးမည် ဖြစ်သည်။ ပထမနှင့် ဒုတိယကမ္ဘာစစ်များအတွင်း၌ နိုဘယ်ဆုများ ချီးမြှင့်သည့် အရေအတွက် လျော့နည်းခဲ့သည်။

## ခွဲဝေပေးခဲ့သည့်ဆုများ

စာပေအတွက် နိုဘယ်ဆုကို ဆုရသူနှစ်ဦးအား ခွဲဝေပေးစေခဲ့သည့် ကြိမ်ရေ လေးကြိမ် ရှိခဲ့သည်။ ထိုသို့ ဝေမျှပေးခြင်းကို အခြားနယ်ပယ်တို့အတွက် နိုဘယ်ဆုများတွင် ပြုနေကျဖြစ်ပြီး စာပေဆုမှာ ကြိမ်ရေနည်းပါးနေရသည်။ ဤသို့နည်းပါးရသည်မှာ စာပေ၏ သဘောသဘာဝကြောင့် ဖြစ်ဟန်တူပေသည်။ ထိုသို့ ပူးတွဲစာပေဆု ချီးမြှင့်သည့်အတွက် ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်ဆုခုရေမှာ ၁၀၆ ခု ဖြစ်သော်လည်း နိုဘယ်စာပေဆုရှင်စာဆိုတော်ဦးရေမှာ ၁၁၀ ဦး ရှိနေပေသည်။

# ၄

## ၁၉၀၁ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်စာပေဆုများအနက် တစ်ဆုကို နှစ်ဦးခွဲဝေပေးအပ်ခဲ့သည့် ဆုခုရေစုစုပေါင်း

mgyoe.com

mgyoe.com


၁၉၀၄ Frédéric Mistral နှင့် José Echegaray
၁၉၁၇ Karl Adolph Gjellerup နှင့် Henrik Pontoppidan
၁၉၆၆ Shmuel Yosef Agnon နှင့် Nelly Sachs
၁၉၇၄ Eyvind Johnson နှင့် Harry Martinson

**ပျမ်းမျှအသက်၊ အသက်အငယ်ဆုံး၊ အသက်အကြီးဆုံး**

နိုဘယ်စာပေဆုရှင်တို့ ဆုရရှိသည့်နှစ်၌ ရောက်ရှိနေသည့် အသက်တို့ကို ပျမ်းမျှတွက်ချက်ကြည့်သောအခါ ပျမ်းမျှအသက်သည် ၆၅ နှစ် ဖြစ်ကြောင်း အဖြေရရှိသည်။

နိုဘယ်စာပေဆုရှင် စာဆိုတော်များတွင် ဆုရရှိသည့်အချိန်၌ အသက်အငယ်ဆုံးဖြစ်သူမှာ Rudyard Kipling ဖြစ်သည်။ ဆုကြီးကို ချီးမြှင့်ခြင်းခံရသည့် ၁၉၀၇ ခုနှစ်၌ သူ့အသက်သည် ၄၂ နှစ်သာ ရှိပေသေးသည်။ သူ့စာအုပ်များတွင် လူသိအများဆုံးမှာ The Jungle Book ဖြစ်သည်။

နိုဘယ်စာပေဆုရှင် စာဆိုတော်များတွင် ဆုရရှိသည့်အချိန်၌ အသက်အကြီးဆုံးဖြစ်သူမှာ Doirs Lessing ဖြစ်ပြီး ဆုချီးမြှင့်ခြင်းခံရသည့် ၂၀၀၇ ခုနှစ်တွင် သူမ၏ အသက်သည် ၈၈ နှစ် ရှိပြီ ဖြစ်သည်။

**အမျိုးသမီး နိုဘယ်စာပေဆုရှင်များ**

နိုဘယ်စာပေဆုရှင်တို့တွင် အများစုမှာ အမျိုးသားများ ဖြစ်ကြပြီး အမျိုးသမီး ၁၃ ဦးသာပါရှိကြသည်။ ဆုရရှိသည့် အမျိုးသမီးများထဲတွင် အဦးဆုံးရရှိခဲ့သူမှာ ဆွီဒင်နိုင်ငံသူ Selma Lagerlöf ဖြစ်ပြီး ၁၉၀၉ ခုနှစ်တွင် ရရှိခဲ့သည်။ ထိုသို့ဆုချီးမြှင့်ခြင်းခံရပြီး ၅ နှစ်အကြာ၌ သူမသည် နိုဘယ်စာပေဆုရှင် ရွေးချယ်ဆုံးဖြတ်ပေးသည့် ဆွီဒင် အကယ်ဒမီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

mgyoe.com

mgyoe.com




ပထမဆုံး အမျိုးသမီးနိုဘယ်စာပေဆုရှင်
ဆွီဒင်နိုင်ငံသူ Selma Lagerlöf

mgyoe.com

mgyoe.com


## အမျိုးသမီး နိုဘယ်စာပေဆုရှင်စာရင်း (၁၉၀၁-၂၀၁၃)

| ခုနှစ် | စာဆိုတော် | နိုင်ငံ/ဘာသာ | စာပေအမျိုးအစား |
|---|---|---|---|
| ၁၉၀၉ | Selma Lagerlöf | ဆွီဒင်/ဆွီဒင် | ဝတ္ထု၊ ဝတ္ထုတို |
| ၁၉၂၆ | Grazia Deledda | အီတလီ/အီတလီ | ကဗျာ၊ ဝတ္ထု |
| ၁၉၂၈ | Sigrid Undset | နော်ဝေ/နော်ဝေ | ဝတ္ထု |
| ၁၉၃၈ | Pearl S. Buck | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု၊ အတ္ထုပ္ပတ္တိ |
| ၁၉၄၅ | Gabriela Mistra | ချီလီ/စပိန် | ကဗျာ |
| ၁၉၆၆ | Nelly Sachs | ဆွီဒင်/ဂျာမန် | ဝတ္ထု၊ ကဗျာ |
| ၁၉၉၁ | Nadine Gordimer | တောင်အာဖရိက/ အင်္ဂလိပ် | ဝတ္ထု၊ ဝတ္ထုတို၊ စာတမ်းတို |
| ၁၉၉၃ | Toni Morrison | အမေရိကန်/အင်္ဂလိပ် | ဝတ္ထု |
| ၁၉၉၆ | Wislawa Szymborska | ပိုလန်/ပိုလန် | ကဗျာ |
| ၂၀၀၄ | Elfriede Jelinek | ဩစတြီးယား/ဂျာမန် | ဝတ္ထု၊ ပြဇာတ် |
| ၂၀၀၇ | Doris Lessing | ယူကေ/အင်္ဂလိပ် | ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ ဝတ္ထုတို ကိုယ်တွေ့မှတ်တမ်း |
| ၂၀၀၉ | Herta Müller | ဂျာမနီ/ဂျာမန် | ဝတ္ထု၊ ကဗျာ၊ |
| ၂၀၁၃ | Alice Munro | ကနေဒါ/အင်္ဂလိပ် | ဝတ္ထုတို |

**၁၃** ၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်စာပေဆုရှင် အမျိုးသမီးဦးရေစုစုပေါင်း

mgyoe.com

mgyoe.com


## ဆုချီးမြှင့်ရန် ကန့်သတ်သတ်မှတ်ချက်များ

နိုဘယ်စာပေဆုကို ဆုရှင်တစ်ဦးအနေဖြင့် တစ်ကြိမ်သာ ရရှိမည်ဖြစ်သည်။ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်း စသဖြင့် ပေးရိုးထုံးစံ မရှိချေ။ ဆုအတွက် စဉ်းစားသည့် သဘောသဘာဝမှာ တစ်သက်တာ စာပေဆု သဘောသဘာဝဖြင့် ရေးသားထုတ်လုပ်ခဲ့သမျှတို့ကို သုံးသပ်ခြင်းဖြစ်သဖြင့် ဆုကြီးကို တစ်ကြိမ်ရရှိပြီးပါက နောက်တစ်ကြိမ် ထပ်မရနိုင်တော့ချေ။

၁၉၃၁ ခုနှစ်၌ နိုဘယ်စာပေဆုရှင်အဖြစ် ကွယ်လွန်ပြီးသူ Erik Axel Karlfeldtကို ချီးမြှင့်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ မည်သည့် နိုဘယ်ဆုအမျိုးအစားကိုမဆို ကွယ်လွန်ပြီးသူဖြစ်ပါက မချီးမြှင့်ဟု မူကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ အကယ်၍ ဆုရှင်အဖြစ် ရွေးချယ်ကြောင်း ကြေညာပြီးသည့်နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားမကျင်းပခင် ကွယ်လွန်သွားပါက ထိုသတ်မှတ်ချက်တွင် အကျုံးမဝင်ဟု ယူဆမည်ဖြစ်ပေရာ ဆုကြီးကို ရုပ်သိမ်းခြင်း မပြုချေ။

## နိုင်ငံတကာ ဖြစ်စေလိုသောဆန္ဒ

အဲလ်ဖရက် နိုဘယ်၏ သေတမ်းစာတွင် နိုင်ငံတကာမိုးကုတ်စက်ဝိုင်းထားရှိပေးထားပေရာ မည်သည့်နိုင်ငံသားဆိုသည်ကို အရေးမလုပ်ဘဲ ဆုကြီးအတွက် အထိုက်တန်ဆုံးဖြစ်သူကိုသာ ရွေးချယ်စေလိုသည့်သဘော ပါရှိသည်။ သို့သော် တစ်ကမ္ဘာလုံး၏ စာပေများကို စိစစ်ဖို့ ဆိုသည်မှာ မနိုင်ဝန်ဖြစ်နေသည်။ သို့ဖြစ်ရာ ဆွီဒင်အကယ်

**၃၁** အင်္ဂလိပ်ဘာသာ သုံးစွဲသည့် နိုဘယ်စာပေဆုရှင် စာဆိုတော်ဦးရေစုစုပေါင်း

mgyoe.com

mgyoe.com


ဒမီသည် နိုဘယ်ဆုရှင် စာဆိုတော်တို့ကို ရွေးချယ်ရာ၌ ဥရောပအရေး တစ်ခုသဖွယ်သာ ဆောင်ရွက်နိုင်သည့်အပေါ် ဝေဖန်မှုများ ရှိနေရပေသည်။ သို့သော် ၁၉၈၄ ခုနှစ်မှစ၍ ဥရောပတွင်နေထိုင်သူ မဟုတ်သော စာရေးသူတို့၏ စာပေများကို တဖြည်းဖြည်းချင်း တိုးပြီး ဂရုစိုက်ပေး လျက်ရှိကြောင်း ဆွီဒင်အကယ်ဒမီ၏ ရာသက်ပန်အတွင်းရေးမှူးက ထုတ်ဖော်ပြောကြားခဲ့ပေသည်။ တစ်နည်းဆိုသော် ကမ္ဘာ့အရေးအနေဖြင့် လုပ်ကိုင်မှု မြှင့်တင်ပေးနေခြင်း ဖြစ်သည်။

## နိုဘယ်ဆုရှင်များနှင့် ဘာသာ


၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုဘယ်စာပေဆုရှင် ၁၁၁ ဦး ချီးမြှင့်ပေးခဲ့ရာ၌ စာဆိုတော်တို့ သုံးစွဲသည့် ဘာသာအရ စာရင်းပြုစုကြည့်သောအခါ အင်္ဂလိပ်ဘာသာသည်အများဆုံးဖြစ်နေပြီး အခြားဘာသာတို့ထက် အရေအတွက် အပြတ်အသတ် ကွာခြားနေသည်ကို တွေ့ရပေသည်။

ဖော်ပြပါစာရင်းတွင် စာဆိုတော် ဦးရေ အနည်းဆုံး နှစ်ဦးအထိသာ ဖော်ပြထားပါသည်။ တစ်ဦးသာရှိသည့် ဘာသာများမှာ အာရေဗျ၊ ဘင်္ဂလီ၊ ချက်၊ ဖင်လန်၊ ဟေဘရူး၊ ဟန်ဂေရီ၊ အိုက်စလန်၊ အောက်စီတန်၊ ပေါ်တူဂီ၊ ဆာဗ်-ခရိုးရေးရှ၊ တူရကီနှင့် ယီဒစ်ရှ်တို့ ဖြစ်သည်။

| ဘာသာ | ဦးရေ |
|---|---|
| အင်္ဂလိပ် | ၃၀ |
| ပြင်သစ် | ၁၄ |
| ဂျာမန် | ၁၃ |
| စပိန် | ၁၁ |
| ဆွီဒင် | ၇ |
| အီတလီ | ၆ |
| ရုရှား | ၅ |
| ပိုလန် | ၄ |
| ဒိန်းမတ် | ၃ |
| နော်ဝေ | ၃ |
| တရုတ် | ၂ |
| ဂရိ | ၂ |
| ဂျပန် | ၂ |

mgyoe.com

## နိုဗယ်ဆုအတွက် သေတမ်းစာ


Testament

Paris den 27 November
1895

mgyoe.com

mgyoe.com




ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်ဖြစ်သော်လည်း နိုဘယ်စာပေဆု ချီးမြှင့်ခြင်းခံရသူ ချာချီ

## ဝင်စတန် ချာချီ

နိုဘယ်ဆုရှင် ဝင်စတန် ချာချီသည် ဗြိတိန်နိုင်ငံ၏ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ သို့ဖြစ်ရာ သူရရှိသည့် နိုဘယ်ဆုသည် နိုင်ငံရေးနှင့်ပတ်သက်သည့် ငြိမ်းချမ်းရေး နိုဘယ်ဆုဖြစ်မည်ဟု

mgyoe.com

mgyoe.com


ထင်မှတ်မှားခြင်း ခံရသည်။ အကယ်စင်စစ် ချာချီသည် ၁၉၅၃ ခုနှစ်၌ နိုဘယ်စာပေဆုကို ချီးမြှင့်ခံခဲ့ရခြင်း ဖြစ်သည်။ ချာချီသည် ဆုချီးမြှင့်ရန် အတွက် လျာထားသည့်စာရင်းတွင် ငြိမ်းချမ်းရေး နိုဘယ်ဆုအတွက် နှစ်ကြိမ်သာ ပါဝင်ခဲ့ဖူးပြီး နိုဘယ်စာပေဆုအတွက် အကြိမ် နှစ်ဆယ်တိုင် တိုင် လျာထားခြင်း ခံခဲ့ရပေသည်။


---

## ၂၀ ချာချီကို နိုဘယ်စာပေဆုအတွက် လျာထားခြင်း ခံရသည့်ကြိမ်ရေ

mgyoe.com

mgyoe.com


# နိုဘယ်စာပေဆုရရှိသူများ၏ အကြောင်းအရာ



mgyoe.com


mgyoe.com

## Sully Prudhomme

Sully Prudhomme သည် ၁၉၀၁ ခုနှစ်တွင် နိုဘယ်စာပေဆုကြီးကို ဗွေဆော်ဦး ချီးမြှင့်ခံရသူ ဖြစ်သည်။ သူသည် ပြင်သစ်လူမျိုး ကဗျာကဝိနှင့် စာတမ်းတိုရေးသားသူ ဖြစ်သည်။ သူ့ကို ၁၆ မတ်လ ၁၈၃၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၆၈ အရွယ် ၆ စက်တင်ဘာလ ၁၉၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ သူ့ကို ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ ဖွားမြင်ခဲ့သည်။ မူလက အင်ဂျင်နီယာပညာကိုသင်ယူခဲ့သည်။ ထိုနောက် ဒဿနာပညာကို ပြောင်းလဲသင်ယူခဲ့သည်။ ထိုနောက် ကဗျာကို သင်ယူခဲ့ပြန်သည်။ သူက ခေတ်ပေါ်ကာလအတွက် သိပ္ပံနည်းကျ ကဗျာများ သီကုံးရန် ရည်ရွယ်ချက်ထားရှိကြောင်း ကြေညာခဲ့သည်။ သူရရှိသည့် နိုဘယ်ဆုကြေးသည် များပြားလှပေရာ ပြင်သစ်ရှိ ကဗျာဆရာ အစည်းအရုံးတစ်ခုကို ကဗျာဆု ချီးမြှင့်ပေးနိုင်ရန်အတွက် ထောက်ပံ့ပေးခဲ့သည်။ ၁၉၀၂ ခုနှစ်၌ ကဗျာဆရာအသင်းတစ်ခုကို ထူထောင်ခဲ့သည်။

mgyoe.com

mgyoe.com



## Theodor Mommsen

Theodor Mommsen သည် ၁၉၀၂ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ သူသည် ဂျာမနီနိုင်ငံရှိ ဆိပ်ကမ်းမြို့ ဖြစ်သော ဆလက်ရှ်ဝစ်တွင် ၃၀ နိုဝင်ဘာလ ၁၈၁၇ ခုနှစ်၌ မွေးဖွားခဲ့သည်။ အသက် ၈၅ နှစ်အရွယ် ၁ နိုဝင်ဘာလ ၁၉၀၃ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် ဂန္ထဝင်စာပေဂီတ ပညာရှင်၊ သမိုင်းပညာရှင်၊ ဥပဒေပညာရှင်၊ စာနယ်ဇင်းသမား၊ နိုင်ငံရေးသမားနှင့် ရှေးဟောင်းပညာရှင်ဖြစ်သည့် အပြင် စာပေရေးသားသူလည်း ဖြစ်သည်။

သူသည် ရောမသမိုင်းကို ကျွမ်းကျင်နိုင်နင်းသူဖြစ်ပြီး သူရေးသားခဲ့သည့် ရောမအကြောင်း သမိုင်းစာပေတို့သည် သမိုင်းသုတေသီတို့ကို ကြီးစွာသော အထောက်အကူများရရှိစေသည်။ ထိုသမိုင်းစာပေကို အကြောင်းပြုပြီး နိုဘယ်ဆုချီးမြှင့်ခံရခြင်းလည်း ဖြစ်သည်။

mgyoe.com

mgyoe.com




## Bjørnstjerne Bjørnson

Bjørnstjerne Bjørnson သည် ၁၉၀၃ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ နော်ဝေနိုင်ငံ ကိဖ်နီမြို့၌ ၈ ဒီဇင်ဘာလ ၁၈၃၂ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၇၇ နှစ် အရွယ် ၂၆ ဧပြီလ ၁၉၁၀ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ နော်ဝေး စာဆိုတော်တို့ကြားတွင် နာမည်ကြီးသည့် ကြီးလေးကြီး စာရေးဆရာကြီး လေးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ ရေးသားခဲ့သည့် ကဗျာများကို အကြောင်းပြုပြီး နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရခြင်းဖြစ်သည်။ သူသည် တေးစာသားများလည်း သီကုံးသူဖြစ်ပြီး နော်ဝေအမျိုးသား သီချင်းတစ်ပုဒ်သည် သူ့လက်ရာမွန်ဖြစ်သည်။

mgyoe.com

mgyoe.com




## Frédéric Mistral

Frédéric Mistral သည် ၁၉၀၄ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ သူအသုံးပြုသည့် ဘာသာမှာ ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင်သုံးသည့် ရောမဘာသာ အောက်စီတန်ဖြစ်သည်။ စာရေးခြင်း၊ ကဗျာရေးခြင်းတို့အပြင် ဝေါဟာရ အဘိဓာန်ပြုစုခြင်းကိုလည်း လုပ်ကိုင်သည်။ သူ ရေးသားခဲ့သည့် ကဗျာများကို အကြောင်းပြုပြီး နိုဘယ်ဆု ချီးမြှင့်ခံရခြင်းဖြစ်သော်လည်း ဝေါဟာရဗေဒအတွက် အဘိဓာန်ပြုစုခြင်းသည်လည်း ဆုချီးမြှင့်ရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ သူ့ကို ၈ စက်တင်ဘာလ ၁၈၃၀ ခုနှစ်၌ ပြင်သစ်နိုင်ငံရှိ မိုင်လ်လိန်း၌ မွေးဖွားခဲ့ပြီး အသက် ၈၃ နှစ်အရွယ် ၂၅ မတ်လ ၁၉၁၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com



## José Echegaray

José Echegaray သည် ၁၉၀၄ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ သူသည် စပိန်သားဖြစ်ပြီး မြို့ပြအင်ဂျင်နီယာ၊ သင်္ချာပညာရှင်၊ အထင်ကရနိုင်ငံရေးသမားဖြစ်ပြီး ၁၉ ရာစု အဆုံးပိုင်းကာလတွင် စပိန်ပြဇာတ်စာပေကို ဦးဆောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသည်မှာလည်း ပြဇာတ်စာပေကို စွမ်းစွမ်းတမံ ရေးသားတင်ဆက်နိုင်ခြင်းကြောင့်ဖြစ်သည်။ သူ့ကို စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တော်၌ ၁၈၃၂ ခုနှစ် ဧပြီလ ၁၉ ရက်တွင်ဖွားမြင်ခဲ့ပြီး အသက် ၈၄ နှစ်အရွယ် ၁၉၁၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com



## Henryk Sienkiewicz

Henryk Sienkiewicz သည် ၁၉၀၅ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ သူသည် ပိုလန်သား စာနယ်ဇင်းသမားဖြစ်သည်။ သူရေးသားသည့် သမိုင်းဝတ္ထုများအတွက် နိုဘယ်

mgyoe.com


mgyoe.com


စာပေဆု ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် ပရဟိတအကျိုး သယ်ပိုးရန် ဦးထိပ်ပန်ဆင်ထားသူဖြစ်သည်။ သူ့ကို ၅ မေလ ၁၈၄၆ ခုနှစ်၌ ချွတ်ခြုံကျနေသည့် အထည်ကြီးပျက် ဆွေကြီးမျိုးကြီး မိသားစုတွင် ဖွားမြင်ခဲ့သည်။ ၁၈၆၀ ခုနှစ်ဝန်းကျင်၌ သူရေးသားသည့် သတင်းနှင့် စာပေဆောင်းပါးများ ပုံနှိပ်ဖော်ပြခံရသည်။ ၁၈၇၀ ခုနှစ်နောက်ပိုင်း၌ အမေရိကန်သို့ ခရီးသွားခဲ့ပြီး ခရီးသွားဆောင်းပါးများ ရေးသားပေးပို့ခဲ့ရာ ပိုလန်နိုင်ငံရှိ စာဖတ်သူများအကြား ရေပန်းစားခဲ့သည်။ ၁၈၈၀ ခုနှစ်နောက်ပိုင်း၌ ဝတ္ထုအတွဲစဉ်များ ရေးသားထုတ်ဝေခဲ့ရာ သူ့ကို လူပိုသိသွားစေခဲ့သည်။ နောက်ဆုံး၌ ပိုလန်နိုင်ငံတွင် ၁၉ ရာစုနှင့် ၂၀ ရာစုတို့အတွက် ရေပန်းအစားဆုံး စာရေးဆရာအဖြစ်သို့ ရောက်ရှိသွားခဲ့ပေသည်။ ထို့အပြင် သူ့စာများကို အခြားဘာသာများသို့ ပြန်ဆိုခဲ့ကြခြင်းကြောင့် နိုင်ငံတကာတွင် လူသိများသူဖြစ်သွားခဲ့ပေသည်။ ထိုသို့ ရေးသားခဲ့သော ဝတ္ထုများကို အကြောင်းပြုပြီး သူ့ကို နိုဘယ်စာပေဆု ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။

သူရေးသားခဲ့သည့် ဝတ္ထုအများအပြား ပုံနှိပ်စာအုပ်အဖြစ် ကျန်ရှိဆဲဖြစ်သည်။ သူ့ပရိသတ်က သူ့ကို သုံးတွဲဆက် သမိုင်းဝတ္ထုရေးဆရာကြီးဟု သိကြသည်။ ၎င်းသုံးတွဲဆက်သမိုင်းဝတ္ထုတို့မှာ *With Fire and Sword*၊ *The Deluge*နှင့် *Sir Michael*တို့ ဖြစ်သည်။ ၎င်းဝတ္ထုတို့သည် ၁၇ ရာစု ပိုလန်သမိုင်းနောက်ခံဝတ္ထုများ ဖြစ်ကြသည်။ နိုင်ငံတကာအနေဖြင့် ရောမအင်ပါယာပြည့်ရှင် နီရိုခေတ်ကို ရေးဖွဲ့ထားသည့် *Quo Vadis*ကို လူသိအများဆုံးဖြစ်သည်။ ထိုသုံးတွဲဆက်ဝတ္ထုနှင့် နီရိုခေတ်သမိုင်းဝတ္ထုတို့ကို ၁၉၅၁ ခုနှစ်၌ ဟောလီဝုဒ်မှ ရုပ်ရှင်အဖြစ် တင်ဆက်ခဲ့သည်။ သူသည် အသက် ၇၀ နှစ်အရွယ် ၁၅ နိုဝင်ဘာလ ၁၉၁၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com




## Giosuè Carducci

Giosuè Carducci သည် ၁၉၀၆ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ သူသည် အီတလီသားဖြစ်ပြီး ၁၈၃၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်၌ဖွားမြင်ခဲ့သည်။ အသက် ၇၁ နှစ်အရွယ် ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်၌ ကွယ်လွန်ခဲ့သည်။ သူသည် အလွန်ဩဇာကြီးပေရာ သူ့ကဗျာတို့ကို တရားဝင် အမျိုးသားရေး ကဗျာများဟုပင် ယူဆသတ်မှတ်ခြင်း ခံရသည်။ သူသည် နိုဘယ်ဆုကို အဦးဆုံး ချီးမြှင့်ခံရသည့် အီတလီနိုင်ငံသားဖြစ်သည်။ လက်ရာပြောင်မြောက်လွန်းလှသော ကဗျာများ သီကုံးသည့်အတွက် ယခုလို နိုဘယ်စာပေဆိုကြီးကို ချီးမြှင့်ခြင်းဖြစ်သည်။

သူသည် ကဗျာဆရာနှင့် ကျောင်းဆရာအဖြစ် အသက်မွေးခဲ့သူဖြစ်သည်။

mgyoe.com

mgyoe.com

## Rudyard Kipling

Rudyard Kipling သည် ၁၉၀၇ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ သူ့ကို ၃၀ ဒီဇင်ဘာလ ၁၈၆၅ ခုနှစ်၌ ဖွားမြင်ခဲ့ပြီး အသက် ၇၀ နှစ်အရွယ် ၁၈ ဇန်နဝါရီလ ၁၉၃၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် ဝတ္ထုတို၊ ကဗျာနှင့် ဝတ္ထုများ ရေးသားခဲ့သည်။ အိန္ဒိယ

mgyoe.com

mgyoe.com


နိုင်ငံရှိ ဗြိတိသျှစစ်သည်တို့ အကြောင်း ကဗျာများနှင့် ဇာတ်လမ်းများ ရေးသားခဲ့သည်။ ကလေးသူငယ်တို့အတွက် ပုံဝတ္ထုများလည်း ရေးသားခဲ့ရာ၌ *The Jungle Book* သည် ကမ္ဘာကျော်သည်။ ကာတွန်းရုပ်ရှင်အဖြစ် တင်ဆက်သောအခါ၌လည်း လူကြိုက်အလွန်များခဲ့သည်။ သူ့ကို အိန္ဒိယနိုင်ငံ ဘုံဘေမြို့ (ယခု အမည် မွန်ဘိုင်းမြို့)တွင် ဖွားမြင်ခဲ့ပြီး ၅နှစ်သား အရွယ်ကျမှ အင်္ဂလန်သို့ မိသားစုနှင့် အတူ ရောက်ရှိနေထိုင်ခဲ့သည်။ မြန်မာပြည်အကြောင်းကို ၁၈၉၀ ခုနှစ်၌ *Mandalay* အမည်ဖြင့် ကဗျာ သီကုံးခဲ့သည်။ အခြားထင်ရှားသည့် ကဗျာများမှာ *Gunga Din*၊ *The Gods of the Copybook Headings*၊ *The White Man's Burden*၊ *If*—တို့ ဖြစ်သည်။ ဝတ္ထုတို ရေးသားမှုတွင်လည်း လမ်းသစ်ဖောက်သူ ဖြစ်ခဲ့သည်။ ကလေးသူငယ်တို့အတွက် ရေးသားသည့် ပုံဝတ္ထုတို့ကိုလည်း ဂန္ထဝင်ပုံဝတ္ထုဟု သတ်မှတ်ခြင်း ခံရသည်။ ၁၉ ရာစုနှင့် ၂၀ ရာစုတို့တွင် Kipling သည် လူသိအများဆုံး စာရေးဆရာ ဖြစ်ခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသူတို့တွင် နိုဘယ်စာပေဆုကြီးကို အဦးဆုံး ချီးမြှင့်ခံရသူ ဖြစ်သည်။ နောက်ထပ်ထူးခြားချက်မှာ ယနေ့အထိ နိုဘယ်ဆုရှင်များထဲတွင် ဆုရရှိချိန်၌ အသက်အငယ်ဆုံးဆုရှင် ဖြစ်သည်။




Rudyard Kipling ၏
ကံကောင်းခြင်း လက်ဝဲရစ်စကြာအဆောင်

mgyoe.com

mgyoe.com



## Rudolf Christoph Eucken

Rudolf Christoph Eucken သည် ၁၉၀၈ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၄၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်၌ ဂျာမနီနိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၀ နှစ်အရွယ် ၁၉၂၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူသည် ဂျာမန်ဒဿန ပညာရှင်အဖြစ် ထင်ရှားသူဖြစ်သည်။ သူရေးသားခဲ့သည်တို့တွင် ထူးခြားပြောင်မြောက်သည့် ဘဝဒဿနအမြင်များ ပါရှိသည့်အတွက် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com




**Selma Lagerlöf**

Selma Lagerlöf သည် ၁၉၀၉ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၅၈ ခုနှစ် နိုဝင်ဘာလ ၂၀ရက်၌ ဆွီဒင်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၁ နှစ်အရွယ် ၁၉၄၀ ခုနှစ် မတ်လ ၁၆ ရက်တွင် ကွယ်လွန်ခဲ့သည်။ နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသည့်အမျိုးသမီးများထဲတွင် အဦးဆုံးချီးမြှင့်ခံရသည့် အမျိုးသမီး စာရေးဆရာမ ဖြစ်သည်။ သူမ ရေးသားခဲ့သည်တို့တွင် ကလေးစာပေဖြစ်သည့် *The Wonderful Adventures of Nils* သည် အကျော်ကြားဆုံး ပုံဝတ္ထု ဖြစ်သည်။

mgyoe.com

mgyoe.com




## Paul von Heyse

Paul von Heyse သည် ၁၉၁၀ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၃၀ ခုနှစ် မတ်လ ၁၅ ရက်၌ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မွေးဖွားခဲ့ပြီး အသက် ၈၄ နှစ်အရွယ် ၁၉၁၄ ခုနှစ် ဧပြီလ ၂ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူသည် ကဗျာများ၊ ဝတ္ထုများ ရေးသားခဲ့သည့်အပြင် ဝတ္ထုတို ၁၁၇ ပုဒ် ရေးသားခဲ့ပေသည်။ ပြဇာတ်ပုဒ်ရေ ၆၀ နီးပါးကိုလည်း ရေးသားခဲ့သည်။ ထိုသို့ ရေးသားထုတ်လုပ်ခဲ့သည်တို့ကို ခြုံငုံပြီးကြည့်ပါက လက်ရာပြောင်မြောက်သဖြင့် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com




## Maurice Maeterlinck

Maurice Maeterlinck သည် ၁၉၁၁ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၆၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်၌ ဘယ်လဂျီယံနိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၆ နှစ် အရွယ် ၁၉၄၉ ခုနှစ် မေလ ၆ ရက်တွင်ကွယ်လွန်ခဲ့သည်။ သူသည် ပြဇာတ်ရေးဆရာ၊ ကဗျာကဝိနှင့် စာတမ်းတိုရေးသူ ဖြစ်ပြီး ပြင်သစ်ဘာသာဖြင့် ရေးသည်။ ကဗျာလက်ရာပြောင်မြောက်ခြင်းနှင့် ဒဏ္ဍာရီပုံစံဖြင့် တင်ဆက်ဟန် ပီပြင်ခြင်းတို့ကြောင့် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရခြင်း ဖြစ်သည်။ သူ အဓိကထားပြီး တင်ပြသည်မှာ သေခြင်းတရားနှင့် ဘဝ၏အဓိပ္ပာယ်တို့ ဖြစ်သည်။ ဘယ်လဂျီယံအစိုးရမှလည်း သူ့ကို ပြဇာတ်စာပေအတွက် ဆုချီးမြှင့်ပေးခဲ့ပေသည်။

mgyoe.com

mgyoe.com



## Gerhart Hauptmann

Gerhart Hauptmann သည် ၁၉၁၂ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ ၁၈၆၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်၌ ပရပ်ရှားနိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၃ နှစ်အရွယ် ၁၉၄၆ ခုနှစ် ဇွန်လ ၆ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူသည် ဂျာမန်ဘာသာဖြင့် တင်ဆက်သည့်ပြဇာတ်ဆရာ ဖြစ်သည်။ အရှိကို အရှိအတိုင်း တင်ပြသည့် သဘာဝအခြေပြုဝါဒကို ဦးဆောင်မြှင့်တင်ပေးခဲ့သူအဖြစ် ထင်ရှားသည်။

mgyoe.com

mgyoe.com




## Rabindranath Tagore

Rabindranath Tagore သည် ၁၉၁၃ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူ ဖြစ်ပြီး အာရှတိုက်အနေဖြင့် နိုဘယ်ဆု အဦးဆုံး ချီးမြှင့်ခံရခြင်းဖြစ်သည်။ ၁၈၆၁ ခုနှစ် မေလ ၇ ရက်၌ အိန္ဒိယနိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၀ နှစ် အရွယ် ၁၉၄၁ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ကွယ်လွန်ခဲ့သည်။ တဂိုးကို မြန်မာစာဖတ် ပရိသတ်တို့သိကြသည်။ ၂၀၀၄ခုနှစ် မတ်လ ၂၄ ရက်၌ သူ့ကို ချီးမြှင့် ခဲ့သည့် နိုဘယ်ဆုတံဆိပ်နှင့် တကွ သူ့အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းထားရာ Visva-Bharati University ၏ အလုံတိုက်ခန်းတွင်းမှ ခိုးယူခြင်းခံရသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်၌ ဆွီဒင်အကယ်ဒမီမှ တဂိုးအတွက် နိုဘယ်ဆုတံဆိပ်နှစ်ခု ထပ်မံထုတ်လုပ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ တစ်ခုကို ရွှေဖြင့်လည်းကောင်း ကျန်တစ်ခုကို ငွေဖြင့်လည်းကောင်း ပြုလုပ်ပေးခဲ့သည်။

mgyoe.com

mgyoe.com


# Romain Rolland



Romain Rolland သည် ၁၉၁၅ ခုနှစ်တွင် နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၆၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်၌ ပြင်သစ်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၇၈ နှစ်အရွယ် ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။ ပြင်သစ်ဘာသာဖြင့် တင်ဆက်သည့် ပြဇာတ်ဆရာ၊ ဝတ္ထုရေးသူ၊ စာတမ်းတိုရေးသူအဖြစ် ထင်ရှားသူဖြစ်သည်။ အနုပညာသမိုင်းကိုလည်း နှံ့စပ်သူဖြစ်သည်။ လူအမျိုးမျိုးအဖုံဖုံတို့ကို အမှန်အတိုင်း ရှုမြင်ချစ်ခင်ပြီး စာနာမှုပြုကာ ရေးသားထုတ်လုပ်ခြင်းအတွက် သူ့ကို နိုဘယ်စာပေဆုကြီး ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com




## Verner von Heidenstam

Verner von Heidenstam သည် ၁၉၁၆ ခုနှစ်၌ နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံ ရသူ ဖြစ် သည် ။ ၁၈၅၉ ခုနှစ် ဇူလိုင်လ ၆ ရက်၌ ဆွီဒင်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၀ နှစ်အရွယ် ၁၉၄၀ ခုနှစ် မေလ ၂၀ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဆွီဒင်ဘာသာဖြင့် ကဗျာများ၊ ဝတ္ထုများ ရေးသားခဲ့သည်။ သူသည် ဘဝကို ကြည်နူးစရာအဖြစ် ရေးဖွဲ့သည်။ ဆွီဒင်သမိုင်း၏ ဖြစ်ရပ်များကို မြတ်နိုးသောအမြင်ဖြင့် ရေးသားဖော်ပြသည်။ ဆွီဒင်အကယ်ဒမီတွင် အဖွဲ့ဝင်အဖြစ် ၁၉၁၂ခုနှစ်မှာ စတင်ပါဝင်ခဲ့သည်။ သူရေးသားခဲ့သည့် ဝတ္ထုတို့ကို အမေရိကန်စာနယ်ဇင်းတို့၌ အင်္ဂလိပ်ဘာသာပြန်ဆိုကာ ဖော်ပြကြသည်။

mgyoe.com

mgyoe.com



## Karl Adolph Gjellerup

Karl Adolph Gjellerup သည် ၁၉၁၇ ခုနှစ်၌ နိုဘယ်စာပေဆုကြီး ပူးတွဲ ချီးမြှင့်ခံရသူ ဖြစ်သည်။ ၁၈၅၇ခုနှစ် ဇွန်လ ၂ ရက်၌ ဒိန်းမတ်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၆၂ နှစ်အရွယ် ၁၉၁၉ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူသည် ကလောင်ခွဲအမည်ဖြင့်လည်း ရံဖန်ရံခါ ရေးသားသည်။ ဒိန်းမတ်၏ ကျော်ကြားသည့် ကဗျာကဝိတစ်ဦးဖြစ်ပြီး ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ သူရေးဖွဲ့သည့် ကဗျာများသည် စိတ်ကူးကောင်းပြီး အကြောင်းအရာ အမျိုးစုံလင်စွာဖြင့် ကြွယ်ကြွယ်ဝဝရှိခြင်းကြောင့် သူ့ကို နိုဘယ်စာပေဆုကြီး ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



mgyoe.com

mgyoe.com

## Henrik Pontoppidan

Henrik Pontoppidan သည် ၁၉၁၇ ခုနှစ်၌ နိုဘယ်စာပေဆုကြီး ပူးတွဲ ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၅၇ ခုနှစ် ဇူလိုင် ၂၄ ရက်၌ ဒိန်းမတ်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၈၆ နှစ်အရွယ် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူသည် ဒိန်းမတ်တွင် နေထိုင်သူတို့၏ လက်ရှိ နေ့စဉ်ဘဝများကို အမှန်အတိုင်း ခြယ်မှုန်းနိုင်ခြင်းကြောင့် သူ့ကို နိုဘယ်စာပေဆုကြီး ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ သူသည် အင်ဂျင်နီယာ ပညာသင်ယူနေသည်ကို စွန့်လွှတ်လိုက်ပြီး မူလတန်းပြဆရာ လုပ်ကိုင်ခဲ့သည်။ ထိုနောက် သတင်းဆောင်းပါး ရေးသားပေးပို့သူဖြစ်လာခဲ့ပြီး ၁၈၈၁ ခုနှစ်တွင် သူလက်ရာကို အဦးဆုံးအကြိမ်အဖြစ် ဖော်ပြခြင်းခံရသည်။ ရှေးရိုးစဉ်လာ ကိန်းကြီးခန်းကြီးများကို ဆန့်ကျင်တော်လှန်ပြီး ဖောက်ထွက်သူအဖြစ် ထင်ရှားသည်။

mgyoe.com

mgyoe.com



## Carl Spitteler

Carl Spitteler သည် ၁၉၁၉ ခုနှစ်၌ နိုဘယ်စာပေဆုကြီး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၄၅ ခုနှစ် ဧပြီလ ၂၄ ရက်၌ ဆွစ်ဇာလန်နိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက် ၇၉ နှစ်အရွယ် ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင်ကွယ်လွန်ခဲ့သည်။ သူ့လက်ရာ *Olympian Spring* သည် အထူးတလည် ကျေနပ်အားရစရာကောင်းသဖြင့် သူ့ကို နိုဘယ် စာပေဆုကြီး ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၎င်းကဗျာရှည်သည် စကြဝဠာအပေါ် လူသားတို့ ဘာသာရေးအရ၊ ရှေးဒဏ္ဍာရီများအရ အရေးလုပ်ကြပုံများကို ဖွဲ့ဆိုထားသည်။

mgyoe.com